**Network for Democracy and Development**
**Documentation and Research Department**

network for democracy & development

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
အမှတ်စဉ် (၃၃၃)

# "Sea Power-21 နဲ့ ပြည်သူ့စစ်မဟာဗျူဟာ"

နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် လူတွေ သိန်းနဲ့ချီသေဆုံးပြီး သန်းနဲ့ချီ ဒုက္ခရောက်နေကြချိန်မှာ နအဖစစ်အာဏာရှင်တစ်စုရဲ့ အမျှော်အမြင်ကင်းမဲ့လွန်းတဲ့ လုပ်ရပ်တွေကြောင့် စစ်အာဏာရှင်တွေအပေါ် မြန်မာပြည်သူတစ်ရပ်လုံးသာမက နိုင်ငံတကာရဲ့ သည်းခံနိုင်မှုအတိုင်းအတာဟာ တဖြေးဖြေး ကျဆင်းလာနေပါတယ်။

နာဂစ်လေမုန်တိုင်းဒဏ်ခံခဲ့ရတာ (၃)ပတ်နီးပါး ကြာမြင့်လာခဲ့ပြီဖြစ်ပေမဲ့ နအဖစစ်အာဏာရှင်တွေက ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာရဲ့ လူသားချင်းစာနာတဲ့အကူအညီတွေကိုလက်ခံဖို့ တမင် နှောင့်နှေးကြန့်ကြာအောင် လုပ်နေတာ၊ အကူအညီတွေကို အကန့်အသတ်နဲ့လက်ခံနေတာတွေအပေါ် နိုင်ငံတကာအနေနဲ့ ကြာရှည် လက်ပိုက်စောင့်ကြည့် မနေသင့်တော့ပဲ စစ်အင်အားအသုံးပြုတဲ့နည်းလမ်းအပါအဝင် နည်းလမ်းမျိုးစုံနဲ့ အမြန်ဆုံး ကူညီဆောင်ရွက်ကြဖို့ ပြည်တွင်း ပြည်ပကတောင်းဆိုတိုက်တွန်းသံတွေဟာလည်း တစ်ရက်ထက်တစ်ရက် ပိုမိုကျယ်လောင်လာနေတာကို တွေ့ရပါတယ်။

မြန်မာပြည်သူတွေရဲ့ တောင်းဆိုမှုတွေနဲ့ နိုင်ငံတကာရဲ့ တိုက်တွန်းချက်တွေအရ လိုအပ်ရင် မြန်မာပြည်ကို ဝင်ရောက်ပြီး ကယ်ဆယ်ရေးနဲ့ကူညီထောက်ပံ့ရေးပစ္စည်းတွေကို အချိန်မီ ဖြန့်ဝေပေးဖို့အတွက် အမေရိကန် ပစိဖိတ် အမှတ် (၇)ရေတပ်၊ ပြင်သစ်ရေတပ်နဲ့ ဗြိတိန်တော်ဝင်ရေတပ်က လေယာဉ်တင်သင်္ဘောတချို့နဲ့ စစ်သင်္ဘောတချို့ဟာ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကစပြီး မြန်မာ့ကမ်းလွန် ကပ္ပလီပင်လယ်ပြင်မှာ အသင့်ရောက်ရှိ စောင့်ဆိုင်းနေကြပြီ ဖြစ်ပါတယ်။

အမေရိကန် လေယာဉ်တင်သင်္ဘော **USS Essex** နဲ့ **USS Juneau, USS Harper's Ferry** တို့ဟာ မရိန်းတပ်သား(၁,၈၀၀)ကျော်၊ ရဟတ်ယာဉ်(၂၃)စီး၊ ကမ်းတက်ရေယာဉ်(၃)စီးနဲ့အတူ ကပ္ပလီပင်လယ်ပြင်မှာ ရောက်ရှိနေသလို ပြင်သစ်ရေတပ်က တန်ချိန်(၂၂,၀၀၀) ရှိ စစ်သင်္ဘော လီမစ်စထရယ် **(Le Mistral)** ကလည်း ရဟတ်ယာဉ်တွေ၊ အမြန်ရေယာဉ်ငယ်တွေနဲ့အတူ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် (၁,၅၀၀)ကို တင်ဆောင်ပြီး မြန်မာ့ကမ်းရိုးတန်းနဲ့ မိုင်(၆၀)အကွာ ပင်လယ်ပြင်မှာ အထက်အမိန့်ကို စောင့်နေကြပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ဖရီးဂိတ်အမျိုးအစား စစ်သင်္ဘော **HMS Westminster** ကလည်း ဝန်ကြီးချုပ် **Gordon Brown** ရဲ့အမိန့်အရ အမေရိကန်၊ ပြင်သစ်ရေတပ်ဖွဲ့တွေနဲ့အတူ လက်တွဲဆောင်ရွက်ဖို့ မြန်မာ့ကမ်းခြေက (၁၂)မိုင်အကွာ ပင်လယ်ပြင်မှာ နေရာယူစောင့်ဆိုင်းနေကြောင်း သိရှိရပါတယ်။

ကပ္ပလီပင်လယ်ပြင်မှာရောက်ရှိနေတဲ့ အမေရိကန်ရေတပ်ဖွဲ့မှာ ကုတင်(၃၀၀)ဆန့် ဆေးရုံသင်္ဘောတစ်စီးနဲ့ တစ်နေ့ကို ရေချိုဂါလံပေါင်းများစွာ ကျိုချက်ထုတ်လုပ်ပေးနိုင်တဲ့ စက်ကြီးတွေ၊ ရေသန့်စင်စက်တွေ၊ လျှပ်စစ်မီးစက်တွေနဲ့ ဆေးဝါးပစ္စည်းတွေတင်ဆောင်ထားတဲ့ ထောက်ပံ့ရေးသင်္ဘောတွေလည်း ပါဝင်ကြောင်းသိရှိရပါတယ်။ ဒ့ါအပြင် ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်လေတပ် အခြေစိုက်စစ်စခန်းအဖြစ်အသုံးပြုခဲ့တဲ့ ထိုင်းနိုင်ငံ ချွန်ပူရီခရိုင်အတွင်းရှိ အူတာဖေါက် **(U-Tapao)** လေတပ်စခန်းက ကုန်လှောင်ရုံတွေမှာလည်း ကြိုတင်စုဆောင်းထားတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ အများအပြားရှိနေပြီး ဒီပစ္စည်းတွေကို လေကြောင်းကနေ အလျှင်အမြန် သယ်ယူပို့ဆောင်ပေးနိုင်တဲ့ **C-130** အမျိုးအစား စစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီး (၆)စီးအပါအဝင် ရဟတ်ယာဉ်ကြီးတွေကလည်း အသင့်ရှိနေကြတဲ့အပြင် အမေရိကန်မရိန်းတပ်ဖွဲ့က ဗိုလ်ကြီး ဂျက်ဘာကာ **(Capt. Jack Bker)** ခေါင်းဆောင်တဲ့ အထူးတပ်ဖွဲ့တစ်ခုကလည်း နယ်မြေအနေအထားနဲ့ လေယာဉ်လမ်းကြောင်းတွေကို လေ့လာထောက်လှမ်းဖို့ဆိုပြီး **CH-53 Super Stallion** အမျိုးအစား စစ်ရဟတ်ယာဉ်ကြီး(၂)စင်းနဲ့အတူ မေလ(၉)ရက်နေ့မှာ ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့ကိုရောက်ရှိလာတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ နာဂစ်လေမုန်တိုင်း ကျရောက်ခဲ့တဲ့အချိန်ဟာ အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး ထိုင်းနိုင်ငံမှာ နှစ်စဉ်ပြုလုပ်နေကျ ရွှေမြွေဟောက် **(Cobra Gold)** အမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်ပွဲနဲ့ တိုက်ဆိုင်နေတဲ့အတွက် ထိုင်းနိုင်ငံမှာ အမေရိကန် မရိန်းတပ်သား (၆,၀၀၀) အပါအဝင် စစ်လေယာဉ်တွေ၊ စစ်သင်္ဘောတွေနဲ့ တင့်ကားတွေလည်း အလုံးအရင်းနဲ့ ရောက်ရှိနေပါတယ်။ အမေရိကန်ဦးဆောင်တဲ့ ထိုင်း၊ ဂျပန်၊ အင်ဒိုနီးရှား နိုင်ငံတွေက ပူးတွဲတပ်ဖွဲ့အင်အား (၁၁,၀၀၀)ကျော်ဟာ မေလ(၈)ရက်နေ့ကနေ (၂၁)ရက်နေ့အထိ ထိုင်းနိုင်ငံအလယ်ပိုင်း ချွန်ဘူရီခရိုင်ကို အခြေပြုပြီး အရှေ့ဘက်မှာ နခွန်ရတ်ချ်စီးမားခရိုင်၊ တောင်ဘက်မှာ နောင်ခလာခရိုင်၊ မြောက်ဘက်မှာ ချင်းမိုင်ခရိုင်၊ (၄)နေရာခွဲပြီး သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှု လေ့ကျင့်ခန်းတွေကို (၂)ပတ်ကြာ ပြုလုပ်နေကြတာ ဖြစ်ပါတယ်။

ပစိဖိတ်ဒေသအတွင်းလှုပ်ရှားနေကြတဲ့ အမေရိကန်စစ်တပ်ရဲ့ အဓိကတာဝန်ဟာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး မဟုတ်ပေမဲ့ သူတို့ဟာ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး လေ့ကျင့်ခန်းမျိုးစုံကို တက်ရောက်ထားကြတဲ့အပြင် ဒေသအတွင်းဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်မျိုးစုံမှာလည်း ကိုယ်တိုင်ဝင်ရောက်ကူညီခဲ့ဘူးတဲ့ အတွေ့အကြုံရှိသူတွေ ဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်း ပေါ်ပေါက်ခဲ့တဲ့ အင်ဒိုနီးရှား ဆူနာမီ ရေလှိုင်းအန္တရာယ်၊ ၂၀၀၅ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ ပါကစ္စတန် မြေငလျှင်အန္တရာယ်၊ ၂၀၀၇ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်နဲ့ ၂၀၀၈ ဒီနှစ်အစောပိုင်းက တရုတ်နိုင်ငံမှာပေါ်ပေါက်ခဲ့တဲ့ အအေးဓာတ်လွန်ကဲမှု သဘာဝ အန္တရာယ်တွေမှာ အမေရိကန်စစ်တပ်ဟာ ချက်ချင်းသွားရောက်ပြီး ထိရောက်တဲ့အကူအညီတွေပေးခဲ့တာကို တွေ့ရပါ တယ်။

မြန်မာနိုင်ငံမှာ နာဂစ် မုန်တိုင်းတိုက်ခတ်အပြီး (၁၀)ရက်အကြာမှာ ဖြစ်ပွားခဲ့တဲ့ တရုတ်နိုင်ငံရဲ့ မြေငလျှင်ဘေးအန္တရာယ်မှာလည်း ရောဂါကူးစက်ပြန့်ပွားမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေအတွက် အမေရိကန်ကျွမ်းကျင်သူတွေကို အမြန်ဆုံးစေလွှတ်ပေးဖို့ တရုတ်ခေါင်းဆောင်တွေက အမေရိကန်နိုင်ငံကို အလျှင်အမြန် မေတ္တာရပ်ခံခဲ့တာ တွေ့ရပါတယ်။

အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံတချို့က မြန်မာနိုင်ငံကို ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ ကျွမ်းကျင်သူတွေ စေလွှတ်ကူညီဖို့ ကြိုးစားတာဟာ နိုင်ငံရေးသဘောထား ကွဲလွဲမှုတွေ၊ စစ်ရေးကိစ္စတွေနဲ့ မသက်ဆိုင်ဘဲ မုန်တိုင်းကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာမဲ့ ဘေးဒုက္ခတွေအတွက် လူသားချင်းစာနာတဲ့အနေနဲ့ ကူညီဖို့သက်သက် ဖြစ်ပါတယ်လို့ အကြိမ်ကြိမ် ရှင်းလင်းပြောဆိုခဲ့ပေမဲ့ အနောက်နိုင်ငံတွေအပေါ် သံသယစိတ်နဲ့ ရှုမြင်လေ့ရှိတဲ့ နအဖစစ်အာဏာရှင်တွေကတော့ ဒီလိုရှင်းလင်းပြောဆိုမှုတွေအပေါ် အယုံအကြည်မရှိကြပါဘူး။ အင်အားကြီးအနောက်နိုင်ငံတွေဟာ သဘာဝဘေးအန္တရာယ်ကို **Flashpoint** လုပ်ပြီး မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်နိုင်ဖို့အတွက် တမင် အကြောင်းရှာနေတာလို့ပဲ ယူဆနေကြပါတယ်။

နအဖပိုလ်ချုပ်ကြီးတွေအကြားမှာ နိုင်ငံတကာရဲ့အကူအညီတွေကို ယူသင့်မယူသင့်ကိစ္စနဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အနောက်အုပ်စုရဲ့ အကူအညီတွေကိုယူခဲ့မိရင် သူတို့ရဲ့ ဩဇာသက်ရောက်မှုနဲ့ ဝင်ရောက်စွက်ဖက်မှုတွေကို အနည်းနဲ့အများ ခံကြရမှာဖြစ်ပြီး အဲဒီကတဆင့် ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ ဆိုဗီယက်ပြည်ထောင်စုနဲ့ ယူဂိုဆလပ်ပြည်ထောင်စု ပြိုကွဲခဲ့ရတဲ့အဖြစ်မျိုးတွေ မြန်မာနိုင်ငံမှာလည်း ပေါ်ပေါက်လာမှာကို သဘောထားတင်းမာတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့ရဲ့ နောက်လိုက်တစ်စုက အထူးစိုးရိမ်နေကြကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ၂၀၀၄ခုနှစ် အင်ဒိုနီးရှား ဆူနာမီဘေးအန္တရာယ်အပြီးမှာ အင်ဒိုနီးရှားအစိုးရနဲ့ အာချေး သူပုန်တွေအကြား ငြိမ်းချမ်းရေးသဘောတူညီချက်တွေရရှိအောင် အမေရိကန်နဲ့ နိုင်ငံတကာက တွန်းပို့ပေးခဲ့သလို သူတို့ကိုပါ အတင်းအကျပ် တွန်းပို့ခံရမှာကိုလည်း နအဖပိုလ်ချုပ်တွေက စိုးရိမ်နေကြကြောင်း သိရှိရပါတယ်။

အနောက်နိုင်ငံတွေရဲ့ အကူအညီတွေကိုသာမက ကျွမ်းကျင်သူတွေကိုပါ လက်ခံခဲ့မယ်ဆိုရင် သူတို့အပေါ် နဂိုလ်ကတည်းက မကျေမနပ်ဖြစ်နေကြတဲ့ မြန်မာပြည်သူတွေဟာ အနောက်နိုင်ငံတွေနဲ့ ပိုမိုနီးစပ်သွားနိုင်ပြီး သူတို့ကို ပိုမိုဆန့်ကျင်အုံကြွလာနိုင်တယ်လို့လည်း စစ်အာဏာရှင်တွေက ယူဆနေကြပါတယ်။ ဒါ့အပြင် အနောက်နိုင်ငံတွေရဲ့ စည်းရုံးလှုံ့ဆော်မှုတွေကြောင့် သူတို့ အပိုင်စီစဉ်လုပ်ဆောင်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရဲ့ရလဒ်တွေ သဲထဲရေသွန်သလို ဖြစ်သွားမှာကိုလည်း အထူးစိုးရိမ်နေကြကြောင်း သိရှိရပါတယ်။

အနည်းငယ်ပျော့ပြောင်းတဲ့သဘောထားရှိသူ စစ်ဗိုလ်ချုပ်တချို့ကတော့ နာဂစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုတွေဟာ ကြီးမားကျယ်ပြန့်လွန်းတဲ့အတွက် ချမ်းသာတဲ့ အနောက်နိုင်ငံတွေအပါအဝင် နိုင်ငံတကာရဲ့အကူအညီတွေကိုမယူရင် မဖြစ်နိုင်ကြောင်း၊ နိုင်ငံတကာရဲ့အကူအညီတွေကို ယူမယ်ဆိုရင်လည်း မြန်မြန်ထက်ထက်ယူနိုင်လေ ပိုအကျိုးရှိလေ ဖြစ်မယ်လို့ တင်ပြခဲ့ကြကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ နအဖစစ်အုပ်စုအတွင်းက သဘောထားကွဲလွဲမှုတွေမှာ သဘောထားတင်းမာတဲ့ဗိုလ်ချုပ်တွေက အာဏာကို အပေါ်စီးကချုပ်ကိုင်ထားတဲ့အတွက် နိုင်ငံတကာအကူအညီတွေ ဝင်ရောက်ဖို့ ဒီလောက်အထိ ကြန့်ကြာနှောင့်နှေးခဲ့ရတာဖြစ်ကြောင်း သိရှိရပါတယ်။

နအဖစစ်အာဏာရှင်တွေဟာ နာဂစ်လေမုန်တိုင်းမကျမီ ပြည်သူလူထုကို ကြိုတင်အသိပေးဖို့၊ ကြိုတင်ကာကွယ်မှုတွေပြုလုပ်ထားဖို့ အချိန်အလုံအလောက် ရရှိခဲ့ပါလျှက်နဲ့ သူတို့အာဏာတည်မြဲရေးအတွက် မေ(၁၀)ရက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ အနိုင်ရရှိဖို့ကိုသာ အာရုံစိုက်နေတာကြောင့် ပြည်သူတစ်သိန်းကျော် သေဆုံးပျောက်ဆုံး၊ ပြည်သူ သန်းနဲ့ချီ အိုးမဲ့အိမ်မဲ့ဖြစ်၊ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ဘီလျံချီပြီး ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရပါတယ်။ ဒီလို သန်းနဲ့ချီတဲ့ ကိုယ့်ပြည်သူတွေ ဘေးဒုက္ခရောက်နေရတာကို အချိန်မီ ကူညီစောင့်ရှောက်ရမဲ့အစား သူတို့ရဲ့အာဏာကို ထိပါးမှာ စိုးရိမ်ပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကပေးအပ်မဲ့ လူသားချင်းစာနာတဲ့ အကူအညီတွေကို အချိန်ဆွဲတာတွေ၊ ငြင်းပယ်တာတွေ လုပ်ခဲ့တဲ့အတွက် လေမုန်တိုင်းဒဏ်ကို ခံခဲ့ရတဲ့မြန်မာပြည်သူတွေဟာ ရက်သတ္တပတ် (၂)ပတ်ကျော် (၃)ပတ်နား နီးလာတဲ့အထိ နိုင်ငံတကာအကူအညီတွေကို ထိထိရောက်ရောက် မရရှိနိုင်ပဲ ဖြစ်နေကြရပါတယ်။ ဒါကြောင့် သန်းနဲ့ချီတဲ့ ဒုက္ခသည်တွေဟာ ရာသီဥတုဒဏ်၊ အဟာရချို့တဲ့မှုဒဏ်နဲ့ ကူးစက်ရောဂါဒဏ်တွေအပြင် စိတ်ဝေဒနာတွေကိုပါ ဆက်လက်ခံစားနေကြရပြီး သေဆုံးသူဦးရေလည်း နေ့စဉ် တိုးလာနေပါတယ်။

အခုဆိုရင် နအဖစစ်အာဏာရှင်တွေရဲ့လုပ်ရပ်တွေအပေါ် တရုတ်၊ ရုရှားနဲ့ အာဆီယံနိုင်ငံတချို့ကလွဲပြီး ကမ္ဘာ့နိုင်ငံအများအပြားက သည်းမခံနိုင်ကြတော့ပါဘူး။ တချိန်က နအဖဗိုလ်ချုပ်တွေဘက်က ရပ်တည်ပေးခဲ့ဘူးတဲ့ ပြင်သစ်၊ ဂျာမဏီစတဲ့ ဥရောပနိုင်ငံကြီးတချို့ကတောင် ဒီကိစ္စမှာ နအဖအပေါ် ပြင်းပြင်းထန်ထန် ဖိအားပေးလာတာ တွေ့နေရပြီဖြစ်ပါတယ်။ ဒုက္ခရောက်နေတဲ့မြန်မာပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် နိုင်ငံတကာရဲ့အကူအညီတွေကို နအဖစစ်အစိုးရရဲ့ ခွင့်ပြုချက်စောင့်စရာမလိုဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်နဲ့ မြန်မာပြည်ကိုပေးပို့နိုင်ဖို့ အဆိုတစ်ခုကို ပြင်သစ်နိုင်ငံကဦးဆောင်ပြီး တင်သွင်းခဲ့တာ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီအဆိုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်တွေဖြစ်တဲ့ တရုတ်၊ ရုရှား၊ ဗီယက်နမ်နဲ့ တောင်အာဖရိကနိုင်ငံတွေက မေလ(၁၄)ရက်နေ့မှာ ပယ်ချခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုကလည်း ဒုက္ခသည်တွေအတွက် အရေးပေါ်အကူအညီအဖြစ် ဒေါ်လာ(၂)သိန်းခွဲကို ရန်ကုန်အမေရိကန်သံရုံးကတဆင့် ချက်ချင်းလှူဒါန်းခဲ့တဲ့အပြင် ကျွမ်းကျင်သူတွေနဲ့ ကယ်ဆယ်ရေးအကူအညီတွေ နောက်ထပ်ပို့ပေးဖို့လည်း ကမ်းလှမ်းခဲ့ပါတယ်။ ဒါကို နအဖက လက်မခံတဲ့အတွက် နအဖဗိုလ်ချုပ်တွေကို ဝိုင်းဝန်းနားချပေးဖို့ တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံတွေကို အကူအညီတောင်းခံခဲ့ပါတယ်။ ဗြိတိန်နိုင်ငံကတော့ နအဖက နိုင်ငံတကာရဲ့ လူသားချင်းစာနာတဲ့ အကူအညီတွေကို ဆက်လက်ငြင်းဆန်နေမယ်ဆိုရင် နိုင်ငံတကာအနေနဲ့ ဥပဒေကြောင်းအရ စစ်အင်အားသုံးပြီး ဝင်ရောက်စွက်ဖက်ခွင့်ရှိတယ်လို့ တင်းတင်းမာမာ ပြောဆိုလာတာ တွေ့ရပါတယ်။ ၂၀၀၅ ခုနှစ်အတွင်း ချမှတ်ပြဌာန်းခဲ့တဲ့ ကုလသမဂ္ဂရဲ့ ကာကွယ်တားဆီးရေးဆိုင်ရာ တာဝန်ရှိမှု **(Responsibility to Protect)** လုပ်ပိုင်ခွင့်အရ ကုလသမဂ္ဂအဖွဲ့ဝင် အစိုးရတစ်ရပ်အနေနဲ့ မိမိပြည်သူတွေကို ကာကွယ်စောင့်ရှောက်နိုင်စွမ်း မရှိတော့ဘူးဆိုရင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ လူမှုရေးဆိုင်ရာကူညီစောင့်ရှောက်မှုတွေ ပြုလုပ်နိုင်ဖို့အတွက် စစ်အင်အားသုံးပြီး ဝင်ရောက်စွက် ဖက်ခွင့်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံကို အကူအညီပေးရေးကိစ္စတွေနဲ့ပတ်သက်ပြီး မေလ(၁၃)ရက်နေ့ ဘရပ်ဆဲလ်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အီးယူ ဥရောပသမဂ္ဂ (၂၇)နိုင်ငံရဲ့ ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီးတွေရဲ့ အရေးပေါ်အစည်းအဝေးကလည်း ဒုက္ခရောက်နေကြတဲ့ မြန်မာပြည်သူတွေအတွက် လူသားချင်းစာနာတဲ့အကူအညီတွေ အချိန်မီပေးပို့နိုင်ဖို့အတွက် လိုအပ်မယ်ဆိုရင် ကုလသမဂ္ဂပဋိညာဉ်စာတန်းပါ ပြဌာန်းချက်တွေအရ နည်းလမ်းမျိုးစုံကို အသုံးပြုလုပ်ဆောင်သွားဖို့ သဘောတူခဲ့ကြပါတယ်။ ဂျာမဏီနိုင်ငံရဲ့ ဖွံ့ဖြိုးရေးဝန်ကြီးကလည်း နအဖက နိုင်ငံတကာအကူအညီတွေကို လက်ခံလာစေဖို့အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကတဆင့် အရေးယူဆောင်ရွက်မဲ့ကိစ္စတွေအပေါ် တရုတ်နဲ့ ရုရှားနိုင်ငံတို့အနေနဲ့ ကန့်ကွက်ခြင်းမပြုဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ပြင်သစ်နဲ့ ကနေဒါနိုင်ငံတွေကလည်း သူတို့ရဲ့အကူအညီတွေကို နအဖဗိုလ်ချုပ်တွေ လက်ထဲ ဝကွက် မအပ်နိုင်ဘူးလို့ အပြတ် ပြောဆိုထားကြပါတယ်။

ကုလသမဂ္ဂမှာလည်း အရေးပေါ်အစည်းအဝေးတွေ ကျင်းပပြုလုပ်ခဲ့ပြီး နအဖဗိုလ်ချုပ်တွေကို အမျိုးမျိုး နားချစည်းရုံးဖို့ ကြိုးစားခဲ့ကြပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ကိုယ်တိုင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ တယ်လီဖုန်းတွေ စာတွေနဲ့ အကြိမ်ကြိမ်ဆက်သွယ်ခဲ့ပေမဲ့ ဗိုလ်ချုပ်မှူးကြီးက သူ့ရဲ့ဆက်သွယ်မှုတွေကို အရေးမလုပ်ခဲ့ဘူးလို့ ဆိုပါတယ်။ နိုင်ငံတကာရဲ့ သီးခံနိုင်မှုစွမ်းရည်ဟာ တဖြေးဖြေးလျော့နည်းလာနေပြီး အခြေအနေတွေဟာ တနေ့တခြား တင်းမာလာတဲ့အတွက် နအဖဗိုလ်ချုပ်တွေဘက်က ရပ်တည်ကာကွယ်ပေးလေ့ရှိတဲ့ ထိုင်းဝန်ကြီးချုပ်ဟာ မေလ(၁၄)ရက်နေ့မှာ မြန်မာနိုင်ငံကို အပြေးအလွှား သွားရောက်ခဲ့ပြီး နိုင်ငံတကာအကူအညီတွေကို အလျှင်အမြန် လက်ခံဖို့ နအဖဗိုလ်ချုပ်တွေကို ဖျောင်းဖျ စည်းရုံးခဲ့ပါတယ်။ ဒါပေမဲ့ နအဖစစ်အာဏာရှင်တွေက အားလုံးမလိုက်လျောပဲ အာဆီယံကို ကြားခံထားပြီး နိုင်ငံတကာကို ဈေးဆစ်ကာ အပေးအယူလုပ်ဖို့ ကြိုးစားခဲ့တာ တွေ့ရပါတယ်။

မေလ(၁၉)ရက်နေ့က စင်္ကာပူနိုင်ငံမှာ အရေးပေါ်ကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အစည်းအဝေးမှာ နာဂစ် လေမုန်တိုင်းဒဏ်ခံရတဲ့ မြန်မာနိုင်ငံကို နိုင်ငံတကာက ဝင်ရောက်ကူညီရာမှာ အာဆီယံနိုင်ငံတွေက ဦးဆောင်ကြီးကြပ်ပေးဖို့ နအဖက တောင်းဆိုခဲ့ပြီး၊ မေလ(၂၅)ရက်နေ့မှာ ကုလသမဂ္ဂနဲ့ အာဆီယံနိုင်ငံတွေက ပူးတွဲပြုလုပ်မဲ့ မြန်မာနိုင်ငံ အကူအညီပေးရေးဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ်ကိုလည်း ရန်ကုန်မှာပြုလုပ်ဖို့ အဆိုပြုခဲ့တာ တွေ့ရပါတယ်။ တချိန်တည်းမှာပဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်တဲ့ နအဖ ထိပ်တန်းဗိုလ်ချုပ်တွေကိုယ်တိုင်လည်း လေဘေးဒဏ်ခံခဲ့ရတဲ့ဒေသတွေကို လှည့်လည်ကြည့်ရှုတာတွေ လုပ်ပြခဲ့တဲ့အပြင် မေလ(၂၀)ရက်နေ့ကနေ မေလ(၂၂)ရက်နေ့အထိကိုလည်း ဝမ်းနည်းကြေကွဲတဲ့နေ့အဖြစ်သတ်မှတ်ပြီး အလံတဝက် လွှင့်ထူခိုင်းတာတွေ ပြုလုပ်ပြခဲ့ပါတယ်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကိုလည်း မြန်မာနိုင်ငံကိုလာရောက်ကြည့်ရှုဖို့ ခွင့်ပြုခဲ့တဲ့အပြင် ကုလသမဂ္ဂ ရဟတ်ယာဉ်တွေကိုလည်း မြန်မာနိုင်ငံမှာအခြေစိုက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ပေးခဲ့ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေနဲ့အတူ ကပ္ပလီပင်လယ်ပြင်မှာ အသင့်စောင့်ဆိုင်းနေတဲ့ အမေရိကန်နဲ့ အီးယူနိုင်ငံတချို့က စစ်သင်္ဘောတွေကို ကမ်းကပ်ခွင့် မပေးသေးပေမဲ့ အဲဒီနိုင်ငံတွေက ကယ်ဆယ်ရေးပစ္စည်းတင် သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးတွေကိုတော့ မင်္ဂလာဒုံ နိုင်ငံတကာလေဆိပ်မှာ ဆင်းသက်ခွင့် ပိုမိုပေးလာတာ တွေ့ရပါတယ်။

နအဖက ဒီလို လိုက်လျှော့မှုတွေပြလာတာဟာ အမေရိကန်နဲ့ အနောက်နိုင်ငံတွေရဲ့ စစ်အင်အားပြပြီး ခြိမ်းခြောက်ဖိအားပေးမှုတွေကြောင့် ဖြစ်ပါတယ်။ နအဖဗိုလ်ချုပ်ကြီးတွေဟာ နဂိုလ်ကတည်းက အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံတချို့က သူတို့ရဲ့ (၂၁)ရာစု ရေတပ်စွမ်းအား **(Sea Power-21)**ကို အသုံးချပြီး မြန်မာနိုင်ငံကို အနောက်တောင်ဘက်ပင်လယ်ပြင်ကတဆင့် ကမ်းတက်တိုက်ခိုက်နိုင်သလို၊ ယန္တယားနဲ့ ခြေလျှင်တပ်တွေကလည်း လေကြောင်းအကာအကွယ်ယူပြီး ထိုင်းနိုင်ငံကတဆင့် ထိုးဖေါက်တိုက်ခိုက်နိုင်တယ်ဆိုပြီး ရန်ကုန်မှာတောင်မနေရဲဘဲ ကြပ်ပြေးကို ပြောင်းရွှေ့ပြေးခဲ့သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံတပ်ဖွဲ့တွေ ကပ္ပလီပင်လယ်ပြင်နဲ့ ထိုင်းနိုင်ငံအတွင်းမှာ အလုံးအရင်းနဲ့ စစ်အင်အားပြခဲ့တာဟာ အများကြီး အကျိုးသက်ရောက်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။

နအဖဗိုလ်ချုပ်ကြီးတွေရဲ့ စိတ်ကူးယဉ် ပြည်သူ့စစ်မဟာဗျူဟာမှာတော့ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံတပ်ဖွဲ့တွေ မြန်မာ့နယ်နိမိတ်အတွင်းကို ဝင်ရောက်လာတာနဲ့တပြိုင်နက် မြန်မာ့တပ်မတော်ရဲ့ ရေတပ်၊ လေတပ်၊ လေကြောင်းရန် ကာကွယ်ရေးတပ်၊ ကြည်းတပ်၊ ယန္တယားတပ်၊ အမြောက်တပ်၊ ထောက်လှမ်းရေးတပ်၊ ကွန်ပြူတာဆိုက်ဘာတပ်၊ ကြံ့ဖွံ့တပ်တွေကိုသုံးပြီး ထွက်ပေါက်မရှိအောင် ပိတ်ဆို့ချေမှုန်းပစ်မယ်လို့ ဖေါ်ပြထားပါတယ်။ အမေရိကန်ရေတပ် မြန်မာ့ကမ်းရိုးတန်းနားကို ချဉ်းကပ်မလာနိုင်မီ ကမ်းရိုးတန်းတစ်လျှောက်က ကျွန်းတွေပေါ်မှာ လျှို့ဝှက်တပ်ဆင်ထားတဲ့ ထောက်လှမ်းရေး ရေဒါတွေနဲ့ ရှာဖွေထောက်လှမ်းပြီး တာဝေးပစ်၊ တာလတ်ပစ် ဒုံးပျံတွေ၊ အမြောက်ကြီးတွေနဲ့ ပစ်ခတ်နှစ်မြှုပ်ပစ်မဲ့အပြင် တပ်မတော်(လေ)က တိုက်လေယာဉ်တွေကလည်း တပ်မတော်(ရေ)နဲ့ လက်တွဲပြီး အမေရိကန်ရေတပ်နဲ့ ကမ်းတက်တပ်တွေကို စိစိညက်ညက်ခြေမှုန်းပစ်မယ်လို့ ဖေါ်ပြထားပါတယ်။

ဒါပေမဲ့ လက်တွေ့မှာတော့ နအဖရဲ့ တပ်မတော်(ရေ)နဲ့ ကမ်းခြေတစ်လျှောက်မှာရှိတဲ့ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တွေက ရေဒါစခန်းတွေ၊ ဒုံးပျံစခန်းတွေဟာ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံရေတပ်ဖွဲ့တွေနဲ့ ရင်မဆိုင်ရခင် နာဂစ်မုန်တိုင်းနဲ့ အရင်ဆုံး ရင်ဆိုင်ခဲ့ရတာကြောင့် တိုက်ပွဲမဝင်ခင် အားလုံး တုံးလုံးပက်လက်ဖြစ်ကုန်ပြီး သူတို့ကိုယ်တိုင် နိုင်ငံတကာက လာရောက်ကူညီ ကယ်ဆယ်မဲ့အချိန်ကို စောင့်မျှော်နေကြရပြီ ဖြစ်ပါတယ်။

နောက်ဆုံး ပြည်ပကျူးကျော်ရေးတပ်တွေက မြို့တော်တွေအပါအဝင် အချက်အချာကျတဲ့မြို့တွေကို သိမ်းပိုက်ခဲ့ရင် နအဖ လက်နက်ကိုင်တပ်တွေအားလုံး ပြည်သူလူထုအတွင်း ရောနှောတပ်ဖျောက်ပြီး ကြံ့ဖွံ့အဖွဲ့ကြီးရဲ့ နိုင်ငံရေးဦးဆောင်မှုအောက်မှာ ပျောက်ကျားစစ်နဲ့ အားလုံးကို အမှည့်ချွေပစ်မယ်လို့ ကြုံးဝါးထားပါတယ်။ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲချမှတ်ခဲ့ကြတဲ့ နအဖဗိုလ်ချုပ်ကြီးတွေဟာ သူတို့အပေါ် ပြည်သူလူထုတစ်ရပ်လုံးရဲ့ နာကျည်းမုန်းတီးမှုတွေကို မသိကျိုးကျွံပြုပြီး ပြည်သူလူထုအကြားမှာ တပ်ဖျောက်ဖို့ စိတ်ကူးခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ အခုအချိန်မျိုးမှာသာ ပြည်သူအကြား တပ်ဖျောက်မိရင်တော့ နအဖတပ်မတော်တစ်ခုလုံး ပြည်သူလူထုရဲ့လက်ချက်နဲ့ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားမှာ သေချာကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Thursday, May 22, 2008***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---